**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**သာသနာရေးဦးစီးဌာန**

စာအမှတ်၊ ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်

**၂၀၂၂ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကြေညာချက်**

၁။ ၁၃၈၄(၂၀၂၂)ခုနှစ်၊ ကဆုန်လဆန်း(၁) ရက်၊ (၃၀-၄-၂၀၂၂) စနေနေ့မှ ၁၃၈၄ (၂၀၂၂)ခုနှစ်၊ ကဆုန်လဆန်း(၁၀) ရက်၊ (၉-၅-၂၀၂၂)တနင်္လာနေ့အထိ တစ်နိုင်ငံလုံး အစိုးရဓမ္မာစရိယ ခွင့်ပြုစာဖြေဌာန(၆၂) ဌာနတို့၌ ဓမ္မာစရိယစာမေးပွဲများကို တစ်ပြိုင်တည်း ကျင်းပပြီးစီးခဲ့ပါသည်။

၂။ စာမေးပွဲအောင်စာရင်း အပြည့်အစုံကို ပူးတွဲဖော်ပြကြေညာအပ်ပါသည်။

၃။ ကျမ်းရင်း ၃ ကျမ်းဖြေဆိုအောင်မြင်ကြသော ပုဂ္ဂိုလ်များအား “သာသနဓဇဓမ္မာစရိယ” ဘွဲ့တံဆိပ်များနှင့် လှူဒါန်းပူဇော်ဘွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

၄။ မြန်မာဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား “သာသနဓဇသိရီပဝရဓမ္မာစရိယ” ဘွဲ့တံဆိပ်များနှင့် လှူဒါန်းပူဇော်ဘွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

၅။ ပါဠိဂုဏ်ထူးကျမ်းများကို အောင်မြင်ကြသော ပုဂ္ဂိုလ်များအား အောက်ဖော်ပြပါ ဘွဲ့တံဆိပ်တော်များအနက်မှ အောင်မြင်ကြသော ဂုဏ်ထူးကျမ်းများနှင့် လျော်ညီသော ဘွဲ့တံဆိပ်တစ်ခုခုနှင့် လှူဒါန်းပူဇော်ဘွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်-

(က) သာသနဓဇဓမ္မာစရိယ ဝိနယပါဠိပါရဂူ

(ခ) သာသနဓဇဓမ္မာစရိယ ဒီဃနိကာယပါဠိပါရဂူ

(ဂ) သာသနဓဇဓမ္မာစရိယ အဘိဓမ္မပါဠိပါရဂူ

၆။ ကျမ်းရင်း ၃ ကျမ်းနှင့် ပါဠိ+မြန်မာဂုဏ်ထူးတစ်ကျမ်းစီကို တစ်နှစ်တည်း တစ်ပြိုင်နက် ငါးကျမ်းလုံးအောင်မြင်သော ပုဂ္ဂိုလ်အား “သာသနဓဇဓမ္မာစရိယမကုဋရံသီ” ဘွဲ့တံဆိပ်နှင့် လှူဒါန်းပူဇော်ဘွယ်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

အမိန့်အရ

မျိုးညွန့်အောင်
ညွှန်ကြားရေးမှူးချုပ်